တရားမပုံစံအမှတ် ၆၂။

စီရင်ချက်ပုံစံ

စမ်းချောင်းမြို့နယ်တရားရုံးတော်၌

၂၀၁၉ ခုနှစ်၊ ဩဂုတ် လ ၊ ၅ ရက်နေ့။

၂၀၁၉ ခုနှစ် ၊တရားမကြီး မှု အမှတ် ၂။

ဒေါ်တင်ဇာဦး နှင့် ဒေါ်ငြိမ်း(ခ)မခင်ရတနာ

(တရားလို ) (တရားပြိုင်)

တရားလိုအတွက် - ဒေါ်သူဇာအောင်၊ တရားလွှတ်တော်ရှေ့နေ

တရားပြိုင်အတွက် - မလာ

**အကျိုးတူလုပ်ငန်းထည့်ဝင်ငွေကျပ်သိန်း (၅၀)နှင့် နစ်နာကြေးငွေ ကျပ် (၂၁) သိန်း**

**စုစုပေါင်းငွေကျပ်(၇၁)သိန်း ရလိုမှု**

**စီရင်ချက်**

အမှုမှာ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဓမ္မာရုံလမ်းနေ တရားလို ဒေါ်တင်ဇာဦးက စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ် ၃၈(မြေညီ)နေ ဒေါ်ငြိမ်း(ခ) မခင်ရတနာအပေါ် အကျိုးတူလုပ်ငန်းထည့်ဝင်ငွေကျပ်သိန်း (၅၀)နှင့် နစ်နာကြေးငွေ ကျပ် (၂၁) သိန်း စုစုပေါင်းငွေကျပ်(၇၁)သိန်း ရလိုကြောင်း တရားစွဲဆိုခြင်းဖြစ်သည်။

တရားလို၏အဆိုအရ တရားပြိုင်သည် ခင်ရတနာလုပ်ငန်းစု အမည်ဖြင့် ရှယ်ယာငွေကို ထည့်ဝင်ရန်ဖိတ်ခေါ်၍ အမြတ်ငွေပြန်လည်ပေးအပ်သည့်လုပ်ငန်းလုပ်ကိုကြောင်း၊ ရှယ်ယာငွေများအား တစ်လလျှင် အမြတ်ငွေ ၈ ရာခိုင်နှုန်း အကျိုးခံစားခွင့်ဖြင့် (၁)နှစ်ပြည့်သည့်အခါ တစ်လုံးတစ်ခဲတည်းပြန်လည်ထုတ်ယူနိုင်ကြောင်းပြောဆို၍ တရားလိုမှ ရှယ်ယာငွေကျပ်သိန်း(၅၀)ကိုထည့်ဝင်၍ ၁၇-၁-၂၀၁၈ ရက်စွဲပါ အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်း နှစ်ဦးသဘောတူကတိစာချုပ် ချုပ်ဆိုခဲ့ရာ ၂ လပိုင်းမှ ၆ လပိုင်းထိ အမြတ်ငွေ ၈ ရာခိုင်နှုန်းဖြင့် ၅ လခန့်ရရှိ၍ ၇ ရာခိုင်နှုန်းဖြင့် ၇ လပိုင်းမှ ၈ လပိုင်းထိ ၂ လစာရရှိပြီးနောက် မည်သည့်အမြတ်ငွေမျှ မရတော့ကြောင်း၊ စာချုပ်ပါအတိုင်း ငွေကျပ် သိန်း ၅၀ ကို ပြန်လည်ထုတ်ယူမည့်အကြောင်း ၂၀-၁၂-၂၀၁၈ ရက်နေ့တွင်စာဖြင့် အကြောင်းကြားခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် ၁ လပိုင်းမှ ၇ လပိုင်းအထိ ငွေချေးထားသူများအား ၆၀% သာပြန်ရနိုင်မည်ဟုမရေမရာစာသာ ပေးပို့ခဲ့ကြောင်း၊ ၁၇-၁-၂၀၁၈ ရက်စွဲပါ စည်းကမ်းချက်အရ သိန်း ၅၀ နှင့် တစ်လလျှင်

(တရားသူကြီး)

အမြတ်ငွေ ၈% အတွက် ငွေဥျပ် ၄၀၀၀၀၀ နှုန်းဖြင့် ၅ လစာ သိန်း ၂၀ ယခင်ကျန်ငွေ ၁ သိန်း စုစုပေါင်း ၇၁ သိန်းအား ရလို၍ ယခုအမှု စွဲဆိုရခြင်းဖြစ်သည်။

တရားပြိုင်မှာ ရုံးချိန်းရက်များတွင် လာရောက်ခြင်းမရှိဘဲ အကြောင်းမဲ့ရုံးချိန်း အကြိမ်ကြိမ်ပျက်ကွက်သဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၉၊ နည်းဥပဒေ ၆ (၁) (က) အရ တရားပြိုင်၏ မျက်ကွယ်တွင် အမှုအား တစ်ဘက်သတ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သတိပေးပြီး တရားလိုနှင့် လိုပြသက်သေများဖြစ်သည့်အောင်ကိုကိုဦး(လိုပြ-၂)၊ နှင်းဝေဝေ ခိုင်(လိုပြ-၃)၊ ဒေါ်ရီရီမွန်(လိုပြ-၄)အား ဆက်လက်ကြားနာခဲ့ပြီး အောက်ပါအတိုင်းဆုံးဖြတ်သည်။

အမှုတွင် တရားလို ဒေါ်တင်ဇာဦးမှ ၁၇-၁-၂၀၁၈ ရက်နေ့တွင် အကျိုးတူ လုပ်ငန်းလုပ်ကိုင်ခြင်းနှစ်ဦးသဘောတူကတိစာချုပ်အား ချုပ်ဆိုပြီး ငွေကျပ် သိန်း ၅၀ ရှယ်ယာထည့်ဝင်ခဲ့ရာ ၎င်းတို့သဘောတူညီထားသည့်အတိုင်း ၂ လပိုင်းမှ ၆ လပိုင်းထိ အမြတ်ငွေ ၈%နှုန်းဖြင့် တရားပြိုင်မှပေးအပ်ပြီး ၇ လပိုင်းနှင့် ၈ လပိုင်းအား အမြတ်ငွေ ၇%သာပေးကာ ၉ လပိုင်းမှစ၍ အမြတ်ငွေပြန်လည်ထုတ်ပေးခြင်းမရှိဘဲ ငွေအရင်း သိန်း ၅၀ ကိုလည်း ပြန်လည်ထုတ်ပေးနိုင်ခြင်းမရှိကြောင်းထွက်ဆိုကာ တရားလိုပြသက်သေများမှ လည်း ထောက်ခံထွက်ဆိုခဲ့ကြသည်။ နောက်ပိုင်းတွင် တရားပြိုင်မှ ငွေများအား ရှယ်ယာ ဝင်သူများ ၆၀% ပြန်ပေးမည်ဟု ပြောသော်လည်း နောက်ပိုင်းဆက်သွယ်ခြင်းမရှိကြောင်း တွေ့ရှိရသည်။ တရားပြိုင်ဘက်မှ ၉ လပိုင်းထိသာ အမြတ်ငွေထုတ်ပေးခဲ့ပြီးနောက်ပိုင်းတွင် သဘောတူခဲ့သည့် ၁ နှစ်ပြည့်သည့်နေ့တွင်လည်း အရင်းအားပြန်မထုတ်ပေးဘဲ ပျက်ကွက်ခဲ့ ကြောင်း အထင်အရှားပေါ်ပေါက်လျက်ရှိသည်။ ထိုအချက်များအပေါ် တရားပြိုင်ဘက်မှ ခုခံ ချေပချက်တစ်စုံတစ်ရာမျှ တင်ပြခဲ့ခြင်းမရှိဘဲ လာရောက်ခြင်းမရှိတော့၍ တရားပြိုင်သည် တရားလို၏အရင်းငွေ ငွေကျပ်သိန်း ၅၀နှင့် တရားလိုတောင်းဆိုသည့် အမြတ်ငွေ ၂၀ နှင့် ကျန်ငွေ ၁ သိန်း စုစုပေါင်း ၇၁ သိန်းအား ပေးဆပ်ရန်တာဝန်ရှိသည်ဟု မှတ်ယူရန်သာ ရှိပေသည်။

ထို့ကြောင့် တရားပြိုင် ဒေါ်ငြိမ့်(ခ)မခင်ရတနာသည် တရားလိုဒေါ်တင်ဇာဦးအား အကျိုးတူလုပ်ငန်းထည့်ဝင်ငွေ သိန်း ၅၀ နှင့် နစ်နာကြေးငွေ ၂၁ သိန်း စုစုပေါင်း (၇၁)သိန်း ကျပ်ကို စရိတ်နှင့်တကွပြန်လည်ပေးဆပ်စေရန် တရားလိုအား အနိုင်ဒီကရီ ချမှတ်ပေး လိုက်သည်။

ရှေ့နေခ ၃၀၀၀၀/- သတ်မှတ်သည်။

( စုမြတ်မြတ်ငြိမ်း )
တွဲဖက်မြို့နယ်တရားသူကြီး
စမ်းချောင်းမြို့နယ်တရားရုံး

(ရှင်စာရေး၊)

မိတ္တူမှန်